# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦးရှိတဲ့အနက် ၃၅၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၂.၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၂-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ တက်ရောက်မယ့်ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၄ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၅၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၇၃ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ၇၃ ဦးအနက် ၆၂ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၁၁ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၂) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၂ ရက်၊

(၃) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ခွင့် ၁ ရက်၊

(၄) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ ခွင့် ၁ ရက်၊

(၅) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၁ ရက်၊

(၆) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၁ ရက်၊

(၇) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၁ ရက်၊

(၈) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၉) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၀) ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်နှင့်

(၁၁) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၄ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လားရှိုး-မူဆယ် လမ်းအပိုင်း နမ့်မျှော်ချောင်းကူး အေတီတံတားအား ရေကျော်တံတားအသစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင် (သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ၏ဆန္ဒနှင့်လိုအပ်ချက်ကို အနည်းငယ်တင်ပြမေးမြန်းလိုပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့တွင် ၂၀၁၃ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအကြားတွင် လားရှိုး-မူဆယ်လမ်းပိုင်း နမ့်မျှော်ချောင်းကူး အေတီတံတားအနီး ရေကြီးရေလျှံမှု ၄ ကြိမ်ဖြစ်ခဲ့ရပါတယ်။ ထိုကဲ့သို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းမှာ မိုးများ၍ တောင်ကျရေများပြားခြင်းကြောင့်သော်လည်းကောင်း၊ ရေစီးဆင်းမှုလမ်းကြောင်းကျဉ်းခြင်းကြောင့်သော်လည်းကောင်း၊ ကားလမ်းနိမ့်ခြင်းကြောင့်သော်လည်းကောင်းဟု ပြည်သူများက သုံးသပ်နေကြပါတယ်။ အေတီတံတားချောင်းရေကြီး၊ ရေလျှံမှုကြောင့် မန္တလေး-မူဆယ်၊ မန္တလေး-လောက်ကိုင်သို့ ပြေးဆွဲနေလျက်ရှိသော ခရီးသည်ကားများနှင့် ကုန်တင်ကားများသွားလာမရဘဲ လမ်းပိတ်နေခဲ့ရပါတယ်။ ရန်ကုန်- မန္တလေး- လားရှိုးမှသည် မူဆယ်-နမ့်ခမ်း-လောက်ကိုင် မြန်မာနိုင်ငံနယ်စပ်သို့ သွားလာနေကြသော ခရီးသွားများနှင့် မူဆယ်-နမ့်ခမ်း-လောက်ကိုင်ဘက်မှ လားရှိုး-မန္တလေး-ရန်ကုန်ဘက်သို့ သွားလာနေကြသော ခရီးသည်များ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ ကုန်စည်စီးဆင်းမှုကိုလည်း နှောင့်နှေးကြန့်ကြာ၍ နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အေတီတံတားချောင်း ရေကြီး၊ ရေလျှံမှုကာလတွင် ဒေသဆိုင်ရာဌာနများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့သူမြို့သားများနှင့်

ကျေးရွာ/ရပ်ကွက်များက စက်လှေနှစ်စီးဖြင့် အသက်ကယ်မော်တော်နှစ်စီးဖြင့် အသက်ဖေါ့အင်္ကျီများကို ခရီးသွားပြည်သူများအားဝတ်ဆင်စေပြီး တင်ပို့ကူညီခဲ့ရပါတယ်။ ခရီးသည်များ၊ ကားကြီးများနှင့်ကားငယ်များကို လိုရာခရီးသွားလာရေးအတွက် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဥ်များအား ကြိုးဖြင့်ဆွဲချည်ကာ ဖြတ်သန်းသွားလာရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ထို့အပြင် ခရီးသည်များနှင့် ဆိုင်ကယ်များအား ဝါးလုံးဖြင့်လျှိုထမ်း၍ ဟိုဘက်ဒီဘက် ပို့ဆောင်ပေးခဲ့ရပါတယ်။ ရေကြီး၊ ရေလျှံမှုကြောင့်ဖြတ်သန်းသွားလာသော ခရီးသည်များ၊ ပြည်သူများနှင့် မော်တော်ယာဥ်များသည်လည်း အန္တရာယ်ပေါင်းများစွာ ကြုံတွေ့နေရပြီး အသက်ဆုံးရှုံးမှုများလည်း နှစ်စဥ်ရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ပြည်သူများ၏လိုလားချက်နှင့် မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။ (က) အေတီတံတားချောင်း ရေကြီး၊ ရေလျှံခြင်း၏အကြောင်းအရင်းကို သိရှိပါသလား။ သိရှိပါက မည်ကဲ့သို့အစီအမံများ၊ ကြိုတင်ပြင်ဆင်မှုများ၊ ဆောင်ရွက်မှုများကို ဆောင်ရွက်ထားပါသနည်း။ (ခ) အေတီချောင်းတံတား ရေကြီး၊ ရေလျှံကာကွယ်တားဆီးရေးအတွက် ရေကျော်တံတားအသစ်တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိ သိရှိလိုပါတယ်။ (ဂ) ရေကျော်တံတားအသစ်တည်ဆောက်ပေးပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်နည်း။ မရှိပါက မည်သည့်အတွက်ကြောင့်နည်း။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှစ်ဖြာသောသုခအဝဝနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်မှ မေးမြန်းထားတဲ့ မေးခွန်းပါ အချက် ၃ နှင့်ပတ်သက်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ (၁) အချက်ကတော့ အေတီတံတားချောင်း ရေကြီး၊ ရေလျှံခြင်းရဲ့ အကြောင်းရင်းကိုသိပါသလား။ သိရှိပါက မည်ကဲ့သို့အစီအမံ

များကြို့တင်ပြင်ဆင်ဆောင်ရွက်မှုများကို ဆောင်ရွက်ထားပါမည်နည်း။ (၂) အချက်ကတော့ အေတီချောင်းတံတား ရေကြီး၊ ရေလျှံခြင်း ကာကွယ်တားဆီးရေးအတွက် ရေကျော်တံတားအသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် (၃) ကတော့ ရေကျော်တံတားအသစ်တည်ဆောက်ပေးပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်နည်း။ မရှိပါက မည်သည့်အတွက်ကြောင့်နည်းစတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့တင်ပြချက်များကို ပိုမိုရှင်းလင်းစေရန်အတွက် Power point ဖြင့်တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ မေးခွန်းအမှတ် (၁) နှင့်ပတ်သက်ပြီးတင်ပြရရင် ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ လားရှိုးမြို့အနီး အေတီတံတား မိုင်တိုင် ၁၇၇/၇ မှာရှိတာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ရေကြီးတဲ့နေရာဟာ ၁၇၇ နဲ့ ၁၇၈ ကြားမှာ ရေကြီးတာဖြစ်ပါတယ်။ ရေကြီးရတဲ့အကြောင်းရင်းကလည်း အဓိကအားဖြင့် အကြောင်း ၂ ချက်ရှိပါတယ်။ ဒီမှာ နမ့်မျှော်ချောင်းဆိုတာရှိပါတယ်။ ဒီနမ့်မျှော်ချောင်းဟာ ကျွန်တော်တို့ မိုးတွင်းကာလ မိုးသည်းထန်စွာရွာသွန်းတဲ့အချိန်မှာ ရေစီးရေလာကြမ်းပါတယ်။ အဲ့ဒီအခါမှာ ကျွန်တော်တို့ ဒီနေရာကနေဖြတ်ပြီးတော့ လမ်းပေါ်ကိုရေကျော်သွားတာဖြစ်ပါတယ်။ ရေကျော်သွားတာလည်း ဘာ့ကြောင့်ကျော်သွားတာလဲဆိုရင် အဓိကအားဖြင့် ဒီနေရာလေးကို ကျွန်တော်တို့ကလမ်းနိမ့်ထားတာ ဖြစ်ပါတယ်။ နိမ့်ထားရတဲ့ ရည်ရွယ်ချက်ကလည်း အဓိကကတော့ ဒီဟာကို ကျွန်တော်တို့ အညာဒေသမှာတည်ဆောက်တဲ့ ရေကျော်သဘောမျိုးဖြစ်အောင် နိမ့်ထားတာပါ။ ဒီကနေပြီးတော့ နမ့်မျှော်ချောင်းဟာ အရှိန်အဟုန်နဲ့ဆင်းလာတဲ့အခါမှာ ဒီကွေ့လေးမှာ ဒီပေါ်ကိုဖြတ်ကျော်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဒီတံတားထက် ဒီနေရာကိုနိမ့်ထားရခြင်း ဖြစ်ပါတယ်။ နိမ့်ထားတဲ့အတွက် ဒီပေါ်ကကျော်တဲ့ရေဟာ ဒီကို ဖြတ်သွားတာဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တို့က ဒီတာပေါင်ကို ဒီနေရာမှာမြှင့်ခဲ့မယ်ဆိုရင် ဒီနမ့်မျှော်ချောင်းဟာ ဒီအတိုင်းဆက်လက်စီးလာပြီးတော့ လားရှိုးမြို့ မြေနိမ့်ဘေးမှာရှိတဲ့ ရပ်ကွက်တွေကို ရေလွှမ်းမိုးသွားမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ ဒီနေရာမှာ နိမ့်ထားတဲ့အကြောင်းအရင်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒီနမ့်မျှော်ချောင်းဟာ နှစ်ပေါင်းများစွာ ဒီလိုပဲရေကျော်လာတဲ့အတွက် တဖြည်းဖြည်း ချောင်းဟာ ကောလာပြီးတော့ ချောင်းအနက်တိမ်လာပါတယ်။ ဒို့အတွက် ဒီအပေါ်မှာရေကျော်မှုဟာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့အတိုင်း နှစ်စဉ်ရေလွှမ်းမိုးမှုဟာ အမြင့်ပေပိုများများလာတဲ့အတွက် ဒါကိုကျွန်တော်တို့ပြုပြင်ဆောင်ရွက်ရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မေးခွန်းအမှတ် (၂) ဖြစ်တဲ့

လားရှိုး-မူဆယ်ကားလမ်းပေါ်မှာ ရေကျော်မှုနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ B.O. T ယူထားတဲ့ အေးရှားဝေါလ်ကုမ္ပဏီနှင့်ညှိနှိုင်းပြီးတော့ ရေကျော်တဲ့ဧရိယာဖြစ်တဲ့ မိုင်တိုင် ၁၇၇ နှင့် ၁၇၈ ကြားမှာပေ ၁၆၀ အရှည်ရှိပြီးတော့ အကျယ်ပေ ၄၀ ရှိတဲ့ အခုကျွန်တော်တင်ပြတဲ့ Power point မှာတင်ပြထားတဲ့ပုံစံအတိုင်း ကျွန်တော်တို့တံတားလုပ်ဖို့ ဆောင်ရွက်ထားပါတယ်။ ဆောင်ရွက်ဖြစ်တဲ့ အခါမှာ ကုန်ကျမယ့်ငွေဟာ ခန့်မှန်းခြေအားဖြင့် သိန်း ၄၀၀ ခန့် ကုန်ကျမှာဖြစ်ပြီး ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ အကြိုအင်ဂျင်နီယာလုပ်ငန်းများလည်း ဆောင်ရွက်ပြီးပါပြီ။ ပုံစံများလည်းဆောင်ရွက်ပြီး ဖြစ်တဲ့အတွက် ကျွန်တော်တို့ဆောင်ရွက်မှာဖြစ်ပါတယ်။ တတိယအချက်ဖြစ်တဲ့ ဘယ်အချိန်မှာစတင် တည်ဆောက်မလဲဆိုတာနှင့် ပတ်သက်လို့တော့ ကျွန်တော်တို့ဘက်က အားလုံးပြင်ဆင်ပြီးဖြစ်ပါတယ်။ ပွင့်လင်းရာသီကို စောင့်နေတာဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့တည်ဆောက်တဲ့အခါမှာ လုပ်ငန်းစဉ် အားဖြင့် ကျွန်တော်အခု Power point မှာတင်ပြတဲ့အတိုင်း အချက် ၁၁ ကို ကျွန်တော်တို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကိုဆောင်ရွက်တဲ့အခါမှာ စတင်ဆောင်ရွက်မယ့်အချိန် ဟာ ဒီဇင်ဘာ ၁ ရက်နေ့ စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီဇင်ဘာ ၁ ရက်နေ့ စတင်ဆောင်ရွက်ပြီးတော့ လုပ်ငန်း အပြီးသတ်ဆောင်ရွက်မယ့်နေ့ကတော့ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အပြီးသတ်ဆောင်ရွက် သွားဖို့ ကျွန်တော်တို့စီစဉ်ဆောင်ရွက်ထားတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ဒီရေကြီးရေလျှံမှုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဒီနှစ်ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ကုန်ကျငွေ သန်း ၄၀၀ ခန့်ကို ကုန်ကျခံပြီးတော့ B.O.T ကို တာဝန်ယူထားတဲ့ အေးရှားဝေါလ်ကုမ္ပဏီကို ဆောက်လုပ်ခိုင်းမှာဖြစ်ပါကြောင်း ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျာ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ချောင်း၊ မြောင်းများရေကြီးခြင်းကြောင့် လယ်ယာမြေနှင့် အခြားပစ္စည်းများ ဆုံးရှုံးခဲ့ရကြောင်း ကျိုင်းတုံခရိုင်မှာ သက်ဆိုင်ရာဒေသခံပြည်သူများ တင်ပြခဲ့တာရှိပါတယ်။ ဒါနှင့် ပတ်သက်ပြီး ပွင့်လင်းရာသီမှာ ချောင်းရေကြီးမှုကာကွယ်ဖို့အတွက် ကောနေတဲ့ချောင်းကို ပြန်လည် ထိန်းသိမ်းဖို့နဲ့ အခြားကိစ္စရပ်များဆောင်ရွက်ဖို့ သက်ဆိုင်ရာပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီး ဌာနများပူးပေါင်းဆောင်ရွက်မယ်ဆိုပြီးတော့ ကျွန်တော်တို့ ကျိုင်းတုံရောက်ရှိစဉ်မှာ အခုလိုပဲ Power point နဲ့တင်ပြချက်ပေါ်မူတည်ပြီးတော့ ဝိုင်းဝန်းဆုံးဖြတ်ပေးခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျိုင်းတုံ ဒေသကိုယ်စားလှယ်ဟာ မိမိတို့ခရိုင်မှာ သက်ဆိုင်ရာတာဝန်ရှိတဲ့အဖွဲ့အစည်းများက ဝိုင်းဝန်းဆွေး

နွေးအကြံပြုချက်၊ ဆောင်ရွက်ချက်များ မည်မျှထိရောက်ရှိနေပြီဆိုတာ ပြန်လည်လေ့လာသုံးသပ်ပြီးတော့ ပြန်လည်တင်ပြဖို့၊ ပြန်လည်ညှိနှိုင်းဖို့လိုကြောင်း၊ အခု Power point နဲ့တင်ပြတဲ့အခါ အင်မတန်မှရှင်းလင်းပါတယ်။ မြင်သာမှုရှိပါတယ်။ ကျိုင်းတုံတုန်းကလည်း ဒီလိုပဲတင်ပြခဲ့တာပါ။ တင်ပြချက်ထဲမှာ ခုနကတချို့လယ်မြေတွေ ရေကြီးနစ်မြုပ်ပြီး ပြန်ကျတဲ့အချိန်မှာ အကုန်လုံးသဲတွေဖုံးသွားတယ်။ သဲတွေဖုံးသွားတဲ့အခါမှာ ဒီလယ်တွေကပြန်ပြီးတော့ လုပ်လို့မရနိုင်တော့ဘူး။ ဒါအပါအဝင် ကျွန်တော်တို့ ခုနကညှိနှိုင်းဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ ဒါလည်းအခု သက်ဆိုင်ရာဝန်ကြီးဌာနက ဒီ Slide show နဲ့တင်ပြတာကို ကျွန်တော်တို့အနေနဲ့ ကြိုဆိုပါတယ်။ အလေးထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်တွေကို အခုလို အလေးထားဖြေဆိုပေးတဲ့အတွက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား၊ ပြည်သူများကိုယ်စား ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။

**ပင်လောင်းမြို့အား သာယာလှပသော အပန်းဖြေမြို့တစ်မြို့အဖြစ် နိုင်ငံတော်မှတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ဦးစွာဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းလွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ပင်လောင်းမြို့ကလေးဟာ သာယာလှပသော အပန်းဖြေမြို့လေး တစ်မြို့ဖြစ်ဖို့၊ ရောက်ရှိဖို့ရာ နိုင်ငံတော်အနေဖြင့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ပင်လောင်းမြို့လေးဟာ အပန်းဖြေမြို့တော် တည်ဆောက်ရန် အင်္ဂါရပ်လက္ခဏာရပ်နှင့် ပြည့်စုံတယ်လို့ ထင်မြင်တဲ့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ မကြာခဏမိန့်မှာခဲ့တဲ့မေးခွန်း ကိုလိုရင်းမေးရန်ဖြစ်ပေမယ့်လည်း ကျွန်တော့်ရဲ့မြို့အကြောင်းကို အကျဉ်းမျှတင်ပြသွားမှ ပြည့်စုံမှာ ဖြစ်တဲ့အတွက် နားနဲ့မနာ၊ ဖဝါးနဲ့နာပါလို့ ဦးစွာတင်ပြပါရစေ။ ပင်လောင်းမြို့ဟာ ရှမ်းကုန်းမြေမြင့်၊ ကုန်းမြင့်လွင်ပြင်၊ ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၄၈၂၀ အထက်မှာတည်ရှိပြီးတော့ ပတ်ဝန်းကျင် တွင် ပေပေါင်း ၅၀၀၀ ကျော်မြင့်တဲ့တောင်တန်းများ ဝန်းရံလျက် မြို့ရဲ့အလယ်ခေါင်တွေမှာ ကြည်လင်

အေးမြတဲ့ စမ်းချောင်း၊ ရေအေးချောင်း ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ ရှေးလူကြီးများအနေနဲ့လည်းပဲ ဒီမြို့လေးကို ဒယ်အိုးပုံသဏ္ဍာန်တည်ဆောက်ခဲ့တဲ့ မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ပင်လောင်းမြို့အဝင် နေပြည်တော်-ပင်လောင်းလမ်းမပေါ်မှာ သောင်တည်ပွာရွာ၊ စကပ်ရွာမှာရှိတဲ့ ကျောက်ဆောင်များ၊ ကျောက်ကလပ်များ၊ အဆင့်ဆင့်သော ကျောက်ထပ်များဟာ သဘာဝအနေအထားအရ လှပတည်ရှိနေတဲ့အပြင် ပတ်ဝန်းကျင်အနီးတဝိုက်မှာ ဆင်းလင်းရေတံခွန်၊ ပင်လုံပင်ခါးရေတံခွန်၊ မြို့နယ်အတွင်း ရေပူစမ်းများဖြစ်ပေါ်တည်ရှိနေခြင်းဟာလည်း ပြည်သူတို့အတွက် အပန်းဖြေရာနေရာလေးတစ်ခုလိုဖြစ်နေပါတယ်။ ရာသီဥတုအနေဖြင့်လည်း ကြည့်မယ်ဆိုလို့ရှိရင် စွတ်စိုအေးမြကြည်လင်သောရာသီဥတုရှိပြီး တစ်မြို့နယ်လုံးဟာ အမြဲစိမ်းလန်းစိုပြေလျက်ရှိပါတယ်။ ဆောင်းတွင်းကာလမှာ နှစ်စဥ်နှစ်တိုင်းလိုလို ရေခဲအမှတ်အောက်ရောက်ပြီး၊ တချို့နေ့တွေမှာ အနုတ် ၃ ဒီဂရီစင်တီဂရိတ်အောက်ရောက်ရှိတဲ့အတွက် တစ်မြို့နယ်လုံးမှာ နှင်းတွေဝေပြီး မြေပြင်တွေ ဖွေးလျက်ရှိပါတယ်။ နွေဘက်မှာ အမြင့်ဆုံးအပူချိန်ဟာ ၂၅ နှင့် ၃၅ ဒီဂရီစင်တီဂရိတ်မှာရှိတဲ့အတွက် အပူအအေးမျှတပြီး ပန်ကာမလို၊ အဲယားကွန်းမလိုတဲ့ မြို့လေးတစ်မြို့ဖြစ်ပါတယ်။ စာရေးဆရာတစ်ဦးက ရန်ကုန်ဆောင်း၊ ပင်လောင်းနွေလို့တင်စားပြီး ဆောင်းပါးရေးခဲ့ဖူးတာလည်းမှတ်မိရပါတယ်။ တစ်နှစ်လုံးမှာ မိုးတစ်ကြိမ်သာရွာပြီး တစ်ကြိမ်ရွာလျှင် ၃ လကြာလို့ ပြောစမှတ်ပြုတဲ့နေရာ၊ တချို့တလေ ဆောင်းတွင်းအခါမှာ မိုးရွာတတ်တဲ့အတွက် အနောက်တိုင်းဆန်သော ရာသီဥတုမျိုးရှိတဲ့ မြို့လေးတစ်မြို့ဖြစ်ကြောင်း ရောက်ဖူးသူတိုင်း မှတ်ချက်ပြုကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လောင်းမြို့ရဲ့ အရှေ့ဘက်မှာ ကပ်လျက် လွယ်မောင်းတောင်ထိပ်ဟာ ပေပေါင်း ၆၁၂၄ ပေမြင့်ပြီးတော့မှ ၎င်းမှအရှေ့ဘက်ကိုကြည့်လျှင်ရှုမငြီးတဲ့အင်းလေးရေပြင်ကြီး၊ အနောက်ဘက်ကို မျှော်လိုက်ရင် နေပြည်တော်နဲ့အလှမ်းမဝေးတော့တဲ့ အရှေ့မြင်၊ အနောက်မြင်တောင်ကို လှမ်းမြင်ခံစားနိုင်ပါတယ်။ ဒ့ါအပြင် ပြည်ထောင်စုလမ်းဆုံဖြစ်တဲ့အတွက် မြောက်ဘက်ဆိုရင် မင်းမသိရွှေဥမင်ဘုရား၊ အောင်ပန်း၊ ပင်းတယမြို့ရဲ့အလှအရှေ့ဘက်မှာဆိုရင် အင်းလေးကန်နှင့် တန်ခိုးကြီးတဲ့ဖောင်တော်ဦးဘုရား၊ တောင်ဘက်မှာဆိုရင် မိုးဗြဲရေလှောင်ကန်၊ သလ္လာဝတီကယားတို့ဌာနေနှင့် အနောက်ဘက်မှာဆိုရင် မြန်မာပြည်ရဲ့မြို့တော်ဖြစ်တဲ့ နေပြည်တော်မြို့ တည်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြို့ဟာ သွားရေးလာရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒ့ါအပြင် မြို့နယ်အတွင်းမှာလည်း ရိုးသားဖြူစင်သောတိုင်းရင်းသားပေါင်းစုံ ပအို့ဝ်၊ ရှမ်း၊ ကယား၊ ကရင်ဖြူ၊ ဗမာတိုင်းရင်းသားများနှင့် အေးအတူပူ

အမျှနေထိုင်ကြပြီး တိုင်းရင်းသားအပေါင်းတို့၏ ချစ်စရာကောင်းသော ရိုးရာဓလေ့ကိုလည်းလေ့လာမြင်တွေ့နိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့က ဦးဆောင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာမှာ နိုင်ငံသူနိုင်ငံသားများကလည်း အားတွေထုတ်ပြီး တိုင်းပြည်အလျင်အမြန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အချိန်မှာ ပြည်သူပြည်သားများဟာလည်း ပင်ပန်းရှာကြမှာဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်များဟာလည်း တစ်စတစ်စ ပြည်တွင်းသို့အလည်အပတ်ရောက်လာတဲ့ အရေအတွက်ဟာလည်း များများလာပြီဖြစ်ပါတယ်။ ဒါကြောင့် အပန်းဖြေစခန်းများကိုကြည့်မယ်ဆိုရင် ပင်လယ်ရဲ့လေပြေလေညှင်း ရှူရှိုက်ရင်း၊ အုန်းရည်သောက်ကာ ပင်လယ်ရဲ့နေဝင်ချိန်ဆည်းဆာကိုအလှကိုခံစားတဲ့ ပင်လယ်ကမ်းခြေရဲ့ အပန်းဖြေစခန်းသာရှိပြီးတော့ လတ်ဆတ်အေးမြတဲ့တောင်ပေါ်လေ၊ ပန်းပေါင်းစုံရနံ့နဲ့သင်းတဲ့ တောင်ပေါ်သဘာဝအလှကိုလည်း ကျွန်တော်တို့ရဲ့နိုင်ငံသူနိုင်ငံသားများ ခံစားနိုင်ဖို့၊ ခံစားခွင့်ရဖို့အတွက် ကုန်းတွင်းအပန်းဖြေစခန်းများလိုအပ်သေးကြောင်း ခံစားမိပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်လည်းဝင်ငွေရ၊ ကျွန်တော်တို့မြို့လေးလည်းလှပလာမှာဖြစ်ပြီး လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နှေးရမယ်ဆိုတဲ့အတိုင်း ပင်လောင်းမြေကိုနင်းရင်လည်း လက်ဖက်ကောင်းစားရတဲ့အကြောင်း၊ ပင်လောင်းလက်ဖက်ခြောက်ဟာအင်မတန်မှနာမည်ကြီးတယ်ဆိုတာလည်း သိပြီးဖြစ်ပါတယ်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကိုဖိတ်ကြားရင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပင်လောင်းမြို့အားသာယာလှပသောအပန်းဖြေမြို့တော်တစ်မြို့အဖြစ် နိုင်ငံတော်မှတည်ဆောက်နိုင်ရန် ကွင်းဆင်းလေ့လာခဲ့ပြီး စီမံချက်ရေးဆွဲခဲ့ကြောင်းလည်း ကြားသိရပါတယ်။ ဒါ့ကြောင့် ပင်လောင်းမြို့လေးဟာသာယာလှပသော အပန်းဖြေမြို့လေးတစ်မြို့အဖြစ် နိုင်ငံတော်မှတည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့အကြောင်း မြို့သူမြို့သားများရဲ့ကိုယ်စား လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာစိုင်းကျော်အုန်း(ဒုတိယဝန်ကြီး၊ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**

။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီးတော့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ်မှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခွန်မောင်သောင်း မေးမြန်းထားတဲ့ ပင်လောင်းမြို့နယ်အား သာယာလှပတဲ့ အပန်း ဖြေမြို့တစ်မြို့ဖြစ်အောင် နိုင်ငံတော်မှတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ကန့်သတ်ဇရိယာများ အဖြစ်သတ်မှတ်ခဲ့တဲ့ နယ်မြေဒေသများဟာ အခုဆိုရင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာ တဲ့အပြင် တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေအေးချမ်းသာယာမှုလည်း တိုးတက်လာတဲ့အတွက်ကြောင့် ကမ္ဘာလှည့်ခရီးသည်များနဲ့ နိုင်ငံခြားသားများအတွက် နယ်မြေဒေသသတ်မှတ်ချက်ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ပြင်ဆင်သတ်မှတ်ထုတ်ပြန်ခဲ့ရာမှာ ပင်လောင်းမြို့နယ်နဲ့ နောင်တရားမြို့နယ်ခွဲတို့ဟာ ခွင့်ပြုချက်တောင်းခံရန်မလိုဘဲ သွားရောက် လည်ပတ်နိုင်တဲ့ နယ်မြေစာရင်းထဲမှာ ပါဝင်ခဲ့ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ခရီးစဉ်ဒေသများ တိုးမြှင့်ဖော်ထုတ်ရေးနှင့် ရေရှည်တည် တံ့အောင် ထိန်းသိမ်းရေးဆိုတဲ့အချက်ဟာ ခရီးလုပ်ငန်းမူဝါဒရဲ့ အဓိကရည်မှန်းချက်ဖြစ်တာနဲ့အညီ ပင်လောင်းမြို့သို့ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်နိုင်ရေးကို ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ အထူးလိုလားအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ အတွင်းမှာ ကွင်းဆင်းကြည့်ရှုပြီးတော့ နိုင်ငံ ခြားသားများအဆင်ပြေချောမွေ့စွာ သွားလာနိုင်စေဖို့အတွက် သက်ဆိုင်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ အစိုးရအဖွဲ့အစည်းနဲ့ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

ပင်လောင်းမြို့နယ်ကနေ ကယားပြည်နယ်၊ လွိုင်ကော်မြို့ကို သွားရောက်နိုင်သလို အင်းလေး၊ ကလော၊ တောင်ကြီးမြို့ကိုလည်း သွားရောက်နိုင်တဲ့အတွက် ပင်လောင်းမြို့ပတ်ဝန်းကျင်မှာ ခရီးစဉ်ပြု ကွက်ပြကွင်းများ ဖော်ထုတ်ကြော်ငြာနိုင်မယ်ဆိုရင် နိုင်ငံခြားသားများ စိတ်ဝင်စားပြီးတော့ လာရောက် လည်ပတ်မယ့်ဒေသ ဖြစ်ပါတယ်။ ပင်လောင်းမြို့နယ်မှာ တည်းခိုခန်း ၁ လုံး ပဲရှိပြီးတော့ အခန်း ၂၅

ခန်းပဲရှိတာကို တွေ့ရပါတယ်။ ပင်လောင်းမြို့ကို ခရီးသွားဧည့်သည်များ လာရောက်နိုင်ဖို့ရန်အတွက် အဆင့်မြင့်ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ပို့ဆောင်ရေးယာဉ်များ၊ လျှပ်စစ်ဓာတ်အား၊ ရေကောင်း ရေသန့်၊ အင်တာနက်၊ တယ်လီဖုန်းဆက်သွယ်ရေးစတဲ့ အခြေခံအဆောက်အဦတွေ ကောင်းမွန်ဖို့ အထူးလိုအပ်ပါတယ်။

အဲဒီအခြေခံအဆောက်အဦတွေ ကောင်းမွန်ဖို့အတွက် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများက တာဝန်ယူလုပ်ဆောင်ရမယ့် ကိစ္စများရှိသလို ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့၊ဒေသခံလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဒေသ လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများနဲ့ ဒေသခံပြည်သူများတို့ ပူးပေါင်းလုပ်ဆောင်ကြဖို့လည်း အထူးလိုအပ်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းမှာ ပင်လောင်းမြို့ဟာ ပင်လယ်ရေမျက်နှာပြင် အထက် ၄၈၂၀ ပေကျော်အမြင့်မှာ ဒယ်အိုးပုံသဏ္ဍာန်ရှိပြီးတော့ မြို့လယ်မှာ ကြည်လင်တဲ့စမ်းချောင်း လေး ဖြတ်သန်းစီးဆင်းလျက်ရှိပြီးတော့ ဆောင်းတွင်းမှာလည်း မိုးရွာတတ်တဲ့အတွက်ကြောင့် ရန်ကုန် ဆောင်း၊ ပင်လောင်းနွေလို့ တင်စားခေါ်ဝေါ်ရကြောင်း ဖော်ပြထားတဲ့အတွက် နိုင်ငံခြားသားများ အမှန် ကြိုက်နှစ်သက်မယ့် ရာသီဥတုနဲ့ ပတ်ဝန်းကျင်ကောင်းရှိတဲ့ မြို့တစ်မြို့ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အထက်ကကျွန်တော်တင်ပြခဲ့သလို နိုင်ငံခြားသားများ စိတ်ဝင်စားမယ့် ခရီးစဉ်ဒေသပြကွင်းပြကွက် အသစ်များကိုဖော်ထုတ်ပြီးတော့ ကမ္ဘာသိအောင် မြှင့်တင်ကြော်ငြာနိုင်မယ်ဆိုရင် မုချဧကန် နိုင်ငံခြား သားခရီးသွားများလာရောက်ကြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ခရီးသွားများ စိတ်ဝင်စားတဲ့နေရာ တစ်ခုဖြစ်အောင် ပင်လောင်းဒေသကို နိုင်ငံခြားခရီးသွားများ ဒေသခံများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့လိုအပ်ပါကြောင်းနဲ့ လိုအပ်တဲ့အခြေခံအဆောက်အဦများ ပြည့်စုံနိုင်စေရေးအတွက် မိမိတို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာအစိုးရဌာနများ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့အစည်းများနဲ့ ပူးပေါင်းညှိနှိုင်းပြီးတော့ အပန်းဖြေမြို့တစ်မြို့ ဖြစ်လာနိုင်ရေးအတွက် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြို့နယ်တရားရုံးများတွင် သိမ်းဆည်းထားသော ယာဉ်များအား မည်ကဲ့သို့စီစဉ်ထားရှိပြီး ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်အကြောင်းအရာကတော့ သာစည်မြို့နယ်မှာ ဥပဒေကြောင်းအရ သိမ်းဆည်းထားတဲ့ယာဉ်များနှင့် ပတ်သက်၍ မည်ကဲ့သို့ဆောင်ရွက်မည်ဆိုတဲ့ အကြောင်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ သာစည်မဲဆန္ဒနယ် မြို့နယ်တရားရုံးများက ဥပဒေကြောင်း အရ သိမ်းဆည်းထားတဲ့ယာဉ်များ ရှိပါတယ်။ အဆိုပါယာဉ်များအနက် အချို့ယာဉ်များမှာ နိုင်ငံတော် ပိုင်အဖြစ်သိမ်းဆည်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါပေမယ့် ၎င်းယာဉ်များဟာ အမိုးအကာ အောက်မှာထားရှိမှုမရှိသည့်အတွက် ပျက်စီးယိုယွင်းနေပြီး အဆိုပါယာဉ်များအား နိုင်ငံတော်ဈေးပြိုင် စနစ်ဖြင့် ရောင်းချမည်ဆိုပါက နိုင်ငံတော်အတွက် ထိုက်သင့်သည့်ငွေကြေးများ ရရှိနိုင်မည်မဟုတ် သည့်အပြင် စက်မှုမထွန်းကားသေးသည့် နိုင်ငံများအတွက် သက်တမ်းမလွန်သေးသည့်ယာဉ်များကို သုံးစွဲခွင့်ကိုလည်း ထိခိုက်စေပါတယ်။ သို့ပါ၍ မြို့နယ်တရားရုံးများတွင် နိုင်ငံပိုင်အဖြစ်သိမ်းဆည်း ထားသောယာဉ်များအား မည်ကဲ့သို့ စီစဉ်ထားရှိပြီး နိုင်ငံတော်မှ ဈေးပြိုင်စနစ်ဖြင့် အမြန်ဆုံးမပျက်စီး မီရောင်းချပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ကျွန်မကတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးမှမေးမြန်းတဲ့ မြို့နယ်တရားရုံးများတွင် နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းထား

သောယာဉ်များအား မည်ကဲ့သို့စီစဉ်ထားရှိပြီး နိုင်ငံတော်မှ စျေးပြိုင်စနစ်ဖြင့် အမြန်ဆုံးမပျက်စီးမီ ရောင်းချပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်ရှင်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော သက်သေခံမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ကိုစီမံခန့်ခွဲရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော သက်သေခံမော်တော်ယာဉ်၊ မော်တော် ဆိုင်ကယ်နှင့် ယာဉ်အပိုပစ္စည်းများ စီမံခန့်ခွဲရေးအဖွဲ့ကို ၂၃-၉-၂၀၁၃ ရက်နေ့မှာ ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံးမှ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဖြစ်ပါတယ်ရှင်။ အဲဒီအဖွဲ့မှာ ပါဝင်တဲ့လူတွေကတော့ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူး ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ခရိုင်တရားသူကြီး အဖွဲ့ဝင်၊ သက်ဆိုင်ရာမြို့နယ်တရားသူကြီးအဖွဲ့ဝင်နှင့် ဥက္ကဋ္ဌကတာဝန်ပေးအပ်တဲ့သူတစ်ဦးဦးကအတွင်းရေးမှူး အဖြစ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အဆိုပါအဖွဲ့အနေဖြင့် သက်သေခံမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို လေလံတင် ထုခွဲရောင်းချနိုင်သည့် အခြေအနေဖြစ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှတစ်ဆင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ကြမ်းခင်းစျေးတောင်းခံပြီး စျေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားရမှာ ဖြစ်ပါတယ်ရှင်။

ပြုပြင်သုံးစွဲမရတော့တဲ့ သက်သေခံမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကိုတော့ နိုင်ငံ ပိုင်စာရင်းရေးသွင်းရန်နှင့် သံရည်ကျိုဖျက်ဆီးရန်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုချက် တောင်းခံပြီးတော့ သက်ဆိုင်ရာ တရားရုံးများမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ဆောင်ရွက်သွားရမှာ ဖြစ် ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးအသီးသီးမှာ ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းထားသော သက်သေခံမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအနက် လေလံ တင်ထုခွဲရောင်းချနိုင်တဲ့ မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များကို ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံးမှ ဖွဲ့စည်းပေးထားတဲ့ သက်သေခံမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်အပိုပစ္စည်း စီမံခန့်ခွဲရေးအဖွဲ့က စျေးပြိုင်စနစ်ဖြင့် အမြန်ဆုံးမပျက်စီးမီ ရောင်းချနိုင်ရေးနှင့် ပြုပြင်သုံးစွဲမရတော့

တဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို သံရည်ကျိုဖျက်ဆီးနိုင်ရေးအတွက် အလျင်အမြန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ကျိုင်းတုံမြို့နယ်အတွင်းရှိ ပန်ဝိုင်အောက်ရွာနှင့် ရွာသစ်တို့တွင် ရာမြေဧရိယာ၊ ဥယာဉ်ခြံမြေ၊ စားကျက်မြေဧရိယာကို ပိုမိုကျယ်ဝန်းစွာ သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကို တက်ရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ်အတွင်းရှိ ပန်ဝိုင်အောက်ရွာနှင့် လွိုင်မွေရွာသစ်တို့မှာရှိတဲ့ ယာမြေဧရိယာ ဥယျာဉ်ခြံမြေ၊ စားကျက်မြေကို ပိုမိုကျယ်ဝန်းစွာသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ်အတွင်းရှိ ပန်ဝိုင်အောက်ရွာနှင့် လွိုင်မွေရွာသစ်တို့ဟာ လွယ်မွေသဘာဝထိန်းသိမ်းရေးနယ်မြေ ကြိုးဝိုင်းတော၊ ကြိုးပြင်တောအတွင်း ကျူးကျော်ရွာများအဖြစ်သတ်မှတ်ပြီးတော့ ၎င်းရွာများကို မူလနေရာမှာပဲ ပြန်လည်နေရာချထားကြောင်း ရွာနယ်နိမိတ်အဖြစ်သတ်မှတ်ပေးခဲ့ကြောင်း သိရှိရပါတယ်။ ရွာနယ်နိမိတ်အဖြစ်သတ်မှတ်တဲ့နေရာမှာ လက်ရှိနေထိုင်ဆဲ၊ လုပ်ကိုင်ဆဲလယ်မြေများကို အိမ်များကိုတိုင်းတာပြီးတော့ သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ထပ်မံတိုးပွားလာတဲ့ အိမ်ထောင်စုအတွက် မြေနေရာများမရှိတော့ခြင်းဖြစ်ကြောင်းလည်း ကြားသိရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျူးကျော်ရွာအဖြစ်သတ်မှတ်ခြင်းခံရတဲ့ ပန်ဝိုင်အောက်ရွာဟာဆိုလို့ရှိရင် ခေတ်အဆက်ဆက် ကာကွယ်ရေးတပ်ဖွဲ့၊ သောင်းကျန်းသူဆန့်ကျင်ရေးတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့အဖြစ် ဖွဲ့စည်းပြီးတော့ နိုင်ငံတော် ပြည်တွင်းရန်၊ ပြည်ပရန်များကို ရွပ်ရွပ်ချွံချွံကာကွယ်ရင်း တပ်မတော်ရဲ့လက်အောက်မှာပူးပေါင်းတာဝန်ထမ်းဆောင်ခဲ့တဲ့ ရွာဖြစ်ကြောင်း သိရှိရပါတယ်။ ၎င်းတို့ရွာဟာဆိုလို့ရှိရင် လွန်ခဲ့တဲ့နှစ် ၁၀၀ ကျော်ကစပြီးတော့ ရွာတည်ထားခြင်းလည်းဖြစ်ကြောင်း သိရပါတယ်။ လွိုင်မွေရွာသစ်ဟာဆိုလို့ရှိရင်လည်း ယခင် လွိုင်မွေတပ်ရင်းမှူး၂၂၆ တပ်ရင်းမှူးဖြစ်တဲ့ ဗိုလ်ချုပ်ကြီး ကျွန်တော်တို့ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းရဲ့လက်ထက်မှာ လွိုင်မွေ အ.ထ.က ကျောင်းကို တည်ဆောက်စဉ်

လွိုင်မွေ အ.ထ.က ကျောင်းစီမံချက်နဲ့အညီ ရွာကိုတည်ဆောက်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၅ မှာဆိုလို့ရှိရင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ရဲ့ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကိုဆက်ခံသည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ကျွန်တော်တို့ဟာ ဆက်လက်တာဝန်ခံရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာရှိ အိမ်ထောင်တစ်စုကိုကြည့်မယ်ဆိုလို့ရှိရင် သားသမီးသုံးလေးဦး စသဖြင့် ရှိကြောင်းတွေ့ရပါတယ်။ ဒီသားသမီးများဟာ အရွယ်ရောက်လာလို့ အိမ်ထောင်ပြုတဲ့အခါမှာ ထပ်မံပြီးတော့ အိမ်ထောင်ခွဲအဖြစ်နဲ့ အိမ်ဆောက်လုပ်ဖို့အတွက် မြေနေရာမရှိတော့တဲ့အတွက် ၎င်းတို့ရဲ့ နေထိုင်ရေးအတွက် ခက်ခဲကြောင်းတွေ့ရှိရပါတယ်။ ပို၍ဆိုးရွားတဲ့ပြဿနာကတော့ တိုးပွားလာတဲ့ မိသားစုများရဲ့ စိုက်ပျိုးစားသောက်ရေးအတွက် ဥယျာဉ်ခြံမြေများ မရှိတော့တဲ့အတွက် ဆင်းရဲနွမ်းပါးမှုလျော့ချရေးမှာလည်း အခက်အခဲဖြစ်ကြောင်းတွေ့ရှိရပါတယ်။ တောင်ပေါ်ဒေသရှိမြေများရဲ့ အနေအထားကိုကြည့်မယ်ဆိုလို့ရှိရင် မြို့မြေနဲ့မတူပဲ တောင်စောင်းများ၊ လျှိုများ၊ ကျောက်တုံးများနဲ့ပြည့်နေတဲ့အတွက် အိမ်ချင်းကပ်လျက်လည်း အိမ်ဆောက်လို့ မရနိုင်ပါဘူး။ ၎င်းရွာများကိုဖွဲ့စည်းတည်ဆောက်တဲ့နေရာမှာလည်း ရွာနယ်နိမိတ်၊ ဥယျာဉ်၊ ခြံမြေနဲ့ စားကျက်မြေများဟာ အလွန်နည်းပါးနေတဲ့အတွက် ရွာ၊ ဥယျာဉ်၊ ခြံမြေတို့နဲ့ တစ်ဆက်တည်း ထိစပ်လျက်ရှိတဲ့ ကြိုးဝိုင်းတော၊ ကြိုးပြင်တောဧရိယာအချို့ကို ထပ်မံပယ်ဖျက်ပေးပြီး ရွာမြေဧရိယာ၊ ဥယျာဉ်ခြံမြေ၊ စားကျက်မြေဧရိယာကို ပိုမိုကျယ်ဝန်းစွာ သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကိုလည်းကောင်း၊ ဆောင်ရွက်ပေးနိုင်ခြင်းမရှိက မည်သည့်အတွက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်းကိုလည်းကောင်း သိရှိလိုပါ၍ ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ရှင်လင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ရဲ့ ပန်ဝိုင်အောက်ရွာနှင့် လွိုင်မွေရွာသစ်တို့ဖွဲ့စည်းတဲ့နေရာမှာ ကျွန်တော်တို့ ရွာမြေနယ်နိမိတ်၊

ဥယျာဥ်ခြံမြေနှင့် စားကျက်မြေများဟာ ကျဉ်းမြောင်းနေပါသဖြင့် ထပ်မံပြီးတော့ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ မြို့ပြကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဆောင်ရွက်သောနေရာတွင် ကျေးရွာနေဒေသခံပြည်သူများရဲ့ စားဝတ်နေရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်တော်တို့ ထိထိရောက်ရောက်နဲ့ သိသာစွာဆောင်ရွက်ပေးရန်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဥ်များမှာလည်း အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံတော် သမ္မတရဲ့ လမ်းညွှန်ချက်နှင့်အညီ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် နှစ်ကာလ အတန်ကြာ တရားဝင်ခွင့်ပြုချက်မရှိဘဲ အခြေချနေထိုင်လျက်ရှိသည့် ရွာစုနှင့် အိမ်ထောင်စုစာရင်း ဇယားများကို ကောက်ယူပြီးတော့ ကျေးရွာသစ်များပြန်လည် ဖွဲ့စည်းနေရာချထားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့နဲ့ ပူးပေါင်းပြီးတော့ စီမံချက်ချ မှတ်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကောက်ယူရရှိသော စာရင်းဇယားများ ကိုအခြေခံပြီးတော့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း တရားမဝင်အခြေချနေထိုင်လျက် ရှိသော အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက်ကျေးရွာ ၁၂၁၃ ရွာနှင့် ပြည်ထဲရေးအမည် မပေါက်သေးတဲ့ကျေးရွာ ၃၉၁ ရွာ၊ စုစုပေါင်း ၁၆၀၄ ရွာကို ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများ ပိုင်မြေ ၄၃၇၅၄၉.၇၄ ဧကကို သစ်တောနယ်မြေအဖြစ်မှ စနစ်တကျပယ်ဖျက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူပြီးတော့ စိစစ်ဆောင် ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖော်ပြတဲ့ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေ သဘာဝအမျိုးသားဥယျာဥ်အတွင်းမှာ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက် ပန်ဝိုင် အောက်ကျေးရွာနှင့် ပြည်ထဲရေးအမည်မပေါက်သေးသော ရွာသစ်ကျေးရွာများနှင့်ပတ်သက်ပြီးတော့ သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဥ်များကို ဆက်လက်ပြီးတော့ တင်ပြသွားမှာဖြစ်ပါ တယ်။ ပန်ဝိုင်အောက်ကျေးရွာဟာ အိမ်ခြေ ၅၇ လုံး၊ လူဦးရေ ၃၀၆ ဦးရှိပြီးတော့ ပန်ဝိုင်အောက် ကျေးရွာအတွက် ရွာမြေ ၉.၄၄ ဧက၊ လယ်မြေ ၈၂.၁၉ ဧကနှင့် ဘုရားကျောင်း ၀.၅ဧက၊ စာသင် ကျောင်းမြေ ၀.၇ ဧက၊ သုသာန်မြေ ၃ ဧက၊ စိုက်ပျိုးရေးအရောင်းဆိုင်မြေ ၀.၂၅ ဧက၊ လက်ဖက်စက်ရုံ မြေ ၁ ဧက၊ ပညာရေးဝန်ထမ်းနေအိမ်မြေ ၀.၂ ဧက၊ ရွာပိုင်သဘာဝတောမြေ ဧက ၁၀၀ နှင့် သာသနာ ပိုင်၊ အများပိုင်မြေ ၁၀၅.၆၅ ဧက၊ စုစုပေါင်း ၁၉၇.၂၈ ဧကကို သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးဖို့ ကျွန်တော်တို့ စီစဥ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ရွာသစ်ကျေးရွာအနေနဲ့ ပြန်ကြည့်မယ်ဆိုရင်လည်း

အိမ်ခြေ ၅၄ လုံး၊ လူဦးရေ ၃၄၁ ဦးရှိပြီးတော့ ရွာမြေ ၇.၈၉ ဧက၊ သာသနာပိုင်မြေ၊ အများပိုင်မြေ ၀.၁၁ဧက၊ စုစုပေါင်း ၈ ဧကပဲရှိတယ်ဆိုတာကိုလည်း တွေ့ရှိရပါတယ်။ ပန်ဝိုင်အောက်ကျေးရွာနဲ့ ရွာသစ်ကျေးရွာတို့အတွက် စုစုပေါင်း ၂၀၅.၂၈ ဧကကို ကျွန်တော်တို့ ပယ်ဖျက်ပေးသွားမှာဖြစ်ပါတယ်။ ထို့အပြင် ဒီ ၂၀၅.၂၈ ဧကကို သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်စွန့်လွှတ်ရန်အတွက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၃-၉-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၁ / ၄၅၃ (၆-လွှတ်တော်) / အဖရ (၂၀၁၃)အရနဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း ထုတ်ပြန်သည့် သိမ်းဆည်းမြေများအပေါ် စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ထို့အပြင် အဆိုပါကျေးရွာများမှ လုပ်ကိုင်စားသောက်လျက်ရှိတဲ့ ဥယျာဉ်ခြံမြေ ၂၉.၄၄ ဧကနှင့် နှစ်ရှည်စိုက်ခင်း ၁၄၉.၈၉ ဧက၊ စုစုပေါင်း ၁၇၉.၃၃ ဧကကိုလည်း သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့ နည်းစနစ်နဲ့စည်းကမ်းတကျ နှစ်ရှည်ဆက်လက်လုပ်ကိုင်နိုင်ခွင့်ရှိရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ယခုအခါမှာ ရေ၊ မြေ၊ တောတောင်၊ သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများကို သဘာဝအတိုင်း ထိန်းသိမ်းထားရှိနိုင်ရန် အဓိကရည်ရွယ်ပြီးတော့ဖွဲ့စည်းသတ်မှတ်ထားတဲ့ လွိုင်မွေသဘာဝနယ်မြေ (အမျိုးသားဥယျာဉ်) အတွင်းမှာ တည်ဆဲတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ သစ်တောထွက်ပစ္စည်းများထုတ်လုပ်ခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များ စားကျက်ချခြင်းနှင့် နေထိုင်လုပ်ကိုင်စားသောက်ခြင်းတို့ကို သာမန်အားဖြင့် ခွင့်မပြုနိုင်ခြင်းမရှိပါ လို့ပြောရမှာဖြစ်ပါတယ်။ သို့ရာတွင် ဒေသခံပြည်သူများရဲ့ဘဝရပ်တည်ရေးကို အလေးထားပြီးတော့ သဘာဝနယ်မြေအတွင်း အခြေချနေထိုင်လျက်ရှိသော ကျေးရွာများရဲ့ ရွာမြေ၊ လယ်မြေများကို သဘာဝနယ်မြေအဖြစ်မှပယ်ဖျက်ပေးခြင်းနှင့် ယာမြေ၊ ဥယျာဉ်ခြံမြေများကို သီးနှံသစ်တောရောနှော စိုက်ပျိုးတဲ့နည်းစနစ်ကို အသုံးပြုပြီးတော့ နှစ်ရှည်ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးနေခြင်းပဲဖြစ်ပါတယ်။ အခုအခါမှာ လွိုင်မွေသဘာဝဥယျာဉ် (အမျိုးသားဥယျာဉ်)အတွင်းမှ ပယ်ဖျက်ပေးမည့်ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်၊ အများပိုင်မြေများနှင့်ပတ်သက်ပြီးတော့ မူလစီမံချက်ပါအတိုင်း သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးသွားမည်ဖြစ်ပါကြောင်းနဲ့ ထိုသို့ပယ်ဖျက်ပေးရာတွင် နောင်တိုးပွားလာမယ့်လူဦးရေ၊ အိမ်ထောင်ခွဲများအတွက် နေထိုင်ရန်အိမ်ရာနေရာသစ်များ စိုက်ပျိုးမြေနှင့်စားကျက်မြေလိုအပ်မှုတို့ကို ထည့်သွင်းတွက်ချက်ပြီးတော့ အမှန်တကယ်လက်တွေ့ဆင်းပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီးတော့ လိုအပ်တဲ့မြေကို စိစစ်သတ်မှတ်ပေးသွားမှာဖြစ်ပါကြောင်း ပြန်လည်၍ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တရားမဝင် Chain Saw ကိုင်တွယ်သူများကို အရေးယူမှု မည်မျှလုပ်ပြီးပါသနည်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဂွမြို့နယ်ဟာ ဧရိယာဧကအားဖြင့် ၅၆၆၄၆၉ ဧက သာရှိပါတယ်။ ဒီဧကအတွင်းမှာ တောရိုင်းက ၂၇၅၉၇၀ ဧကရှိပြီးတော့ မြို့နယ်အကျယ်အဝန်းရဲ့ ၄၈.၂၇၂ ရာခိုင်နှုန်းရှိပါတယ်။ ကြိုးပြင်ကာကွယ်တောများအဖြစ် ၁၅၆၅၈၂ ဧကရှိတဲ့အတွက်ကြောင့် ၂၇.၆၄ ရာခိုင်နှုန်းရှိပါတယ်။ ဆင်ဘေးမဲ့တောများလည်းရှိပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်ဟာဆိုလို့ရှိရင် သစ်တောလွှမ်းဧရိယာ လွန်ခဲ့တဲ့ ငါးနှစ်ခန့်က ၇၆.၁၉ ရာခိုင်နှုန်းရှိပါတယ်။ ကျွန်တော်တို့ ဂွမြို့နယ်ဟာ ရခိုင်တောင်တန်းကြီးနဲ့ကမ်းရိုးတန်းကြားမှာ မြေပြန့်အလွန်နည်းပါးတဲ့ဒေသလေးဖြစ်ပါတယ်။ ကျွန်တော် ယခုကဲ့သို့ တင်ပြရခြင်းမှာ လွန်ခဲ့သော ဆယ်နှစ်လောက်ကစပြီးတော့ ဒီ Chain Saw လို့ခေါ်တဲ့ လူတစ်ယောက်သယ်နိုင်တယ်။ ဓာတ်ဆီအင်ဂျင်အသုံးပြုတဲ့ အင်ဂျင်လေးတပ်ဆင်ထားတဲ့ သစ်ထုတ်လုပ်ရေးကိရိယာတစ်ခုဟာ မြန်မာနိုင်ငံအတွင်းကို ကျယ်ကျယ်ပြန့်ပြန့်ဝင်ရောက်လာပါတယ်။ ယခင်က ဒေသမှာ ရိုးရာအခမ်းအနားတစ်ခုခုကို အသုံးပြုတဲ့လွှများနဲ့ ခုတ်ထွင်ခြင်းပြုပေမယ့် ယခုအခါ ဒီ Chain Saw များအမြောက်အများဝင်ရောက်လာမှုဟာ မြန်မာနိုင်ငံရဲ့ သစ်တောကဏ္ဍပြုန်းတီးမှုထဲမှာ ပါဝင်နေတယ်လို့ ယူဆပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဂွမြို့နယ်မှာလည်း ဒီ Chain Saw တွေဟာ အမြောက်အများဝင်ရောက်လာပြီး။ နိုင်ငံတော်ကလည်း လိုင်စင်ထုတ်ပေးထားတယ်လို့ သိရပါတယ်။ အဲ့ဒီတော့ ဒီ Chain Saw တွေဟာ သစ်တရားမဝင်ခိုးထုတ်တဲ့ သူရဲ့လက်ဝယ်ရောက်ရှိသွားတဲ့အခါ သစ်ခိုးထုတ်မှုပမာဏဟာလည်း များပြားနေတာကို တွေ့ရပါတယ်။ ဥပမာတင်ပြရရင် လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်၊ ၂ ရက်၊ ၃ ရက်ထဲမှာ သစ်တောဦးစီးဌာနက ဝင်ရောက်ဖမ်းဆီးတဲ့အခါ တရားမဝင်သစ် ၁၁၅ တန်နဲ့ မီးသွေး ၄၅.၆ တန် ကျွန်တော်တို့ ဂွမြို့နယ်မှာ ဖမ်းဆီးခဲ့ရပါတယ်။ ဒါတွေ ဖြစ်ပျက်မှုဟာ Chain Saw တွေအမြောက်အများ ဝင်ရောက်လာတာလည်း အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့

ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံတွင် Chain Saw ကို အသုံးပြုခွင့်လိုင်စင်ထုတ်ပေးထားခြင်းသည် မည်သည့်ဥပဒေ၊ နည်းဥပဒေအရ ထုတ်ပေးထားခြင်း ဖြစ်ပါသလဲ။ စည်းကမ်းမလိုက်နာသော Chain Saw ပိုင်ရှင်များဟာ ဥပဒေအရ အရေးယူနိုင်မှုအနေအထားနှင့် လိုင်စင်မရှိဘဲ Chain Saw ပိုင်ဆိုင်သူများကို မည်ကဲ့သို့အရေးယူနေပါသနည်း။ လိုင်စင်မဲ့ Chain Saw ပိုင်ရှင်များရှိနေခြင်းဟာ လျစ်လျူရှုနေသော ဝန်ထမ်းများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများက နိုင်ငံတော်အနေနဲ့ အရေးယူနိုင်သောဥပဒေများရှိ/မရှိနှင့် ယနေ့နိုင်ငံတော်တစ်ဝန်းလုံးတွင် တရားမဝင် Chain Saw ကိုင်တွယ်သူများ ဦးရေမည်မျှကို အရေးယူမှုပြုလုပ်ပေးသည်ဆိုသော ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဝွမ်းဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ Chain Saw နဲ့ပတ်သက်တဲ့မေးခွန်းကို ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် လက်ကိုင်စက်လွှလို့ခေါ်တဲ့ Chain Saw များကိုင်ဆောင်အသုံးပြု၍ တရားမဝင်သစ်ခုတ်လှဲမှုများသည် သစ်တောပြုန်းတီးမှုတွင် အဓိကအချက်တစ်ချက်ဖြစ်နေကြောင်း၊ လက်ကိုင်စက်လွှများအား စည်းမျဉ်းစည်းကမ်းများချမှတ်၍ စနစ်တကျထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလေးအနက်သတိပြု စိစစ်တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ ၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ ၃၀ နှင့် ၁၉၉၅ ခုနှစ် သစ်တောနည်းဥပဒေများ နည်းဥပဒေ ၂ နည်းဥပဒေခွဲ(ဆ)နှင့် နည်းဥပဒေ ၉၀ နည်းဥပဒေခွဲ(က) ပါ ပြဋ္ဌာန်းချက်များအရ လက်ကိုင်စက်လွှများ ခွင့်ပြုချက်ရယူကိုင်ဆောင်အသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းသတ်မှတ်ချက်များကို စတင်ရေးဆွဲပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၆ ရက် နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၃) ဖြင့် သတ်မှတ်ပြီးတော့ ကြေညာခဲ့ပါတယ်။

အဆိုပါအမိန့်ကြော်ငြာစာတွင် လက်ကိုင်စက်လှေ အသုံးပြုခွင့်လျှောက်ထားရာ၌ လိုအပ်သည့် အချက်အလက်များ၊ လိုက်နာရမည့်စည်းကမ်းများနဲ့ လိုင်စင်သက်တမ်းခွင့်ပြုကာလ၊ ပေးဆောင်ရမည့် အခွန်တော်နှင့် ခွင့်ပြုမိန့်မရှိဘဲ လက်ကိုင်စက်လှေများ ကိုင်ဆောင်အသုံးပြုခြင်းအတွက် အရေးယူမယ့် ဥပဒေတို့ ဖော်ပြထားပါတယ်။ အမိန့်ကြော်ငြာစာပါ စည်းမျဉ်းစည်းကမ်းများအား လိုက်နာမှုမရှိခြင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်းတို့အတွက် ၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (ဇ)နှင့် ပုဒ်မ ၄၂ ပုဒ်မခွဲ(ဂ)တို့အရ ထိရောက်စွာအရေးယူဆောင်ရွက်သွားနိုင်ရန် ပြဋ္ဌာန်းထားရှိပါတယ်။ လက်ကိုင်စက်လှေများနှင့်ပတ်သက်ပြီးတော့ လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားတဲ့အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၃) ထုတ်ပြန်ရာတွင် ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်ထုတ်ပြန်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများ၌ဖော်ပြခြင်း၊ အခြားနေ့စဉ်ထုတ် ပုဂ္ဂလိကသတင်း၊ ဂျာနယ်များ၌ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနရုံးများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးများရဲ့ ကြော်ငြာသင်ပုန်းများမှာလည်း အများပြည်သူများသိရှိနိုင်ရန် ကျွန်တော်တို့ကြေညာပေးခဲ့ပါတယ်။ ထုတ်ပြန်ထားတဲ့အမိန့်ကြော်ငြာကို လိုက်နာရမယ့်စည်းကမ်းချက်များအား ကောင်းမွန်စွာနားလည်သဘောပေါက်စေရန် ရည်ရွယ်ပြီးတော့ ၂၀၁၃ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ ပညာပေးကာလ ၃ လ သတ်မှတ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သစ်တောဦးစီးဌာနများသို့လည်း ညွှန်ကြားချက်များထုတ်ပြန်ခဲ့ပါတယ်။ ယခုအခါ ပညာပေးကာလကုန်ဆုံးပြီဖြစ်တဲ့အတွက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင်ခြင်းမရှိသည့် စက်လှေများကို ထိရောက်စွာဖော်ထုတ်အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဂွမြို့နယ် သစ်တောဦးစီးဌာနတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးချိန် ၆-၆-၂၀၁၃ ရက်နေ့မှ ယနေ့အချိန်အထိ လက်ကိုင်စက်လှေ ၅၂ လက်အား လိုင်စင်ထုတ်ပေးပြီးဖြစ်ပါတယ်။ ဂွမြို့နယ်အတွင်းမှာရှိတဲ့ မှတ်ပုံတင်ရန်ကျန်ရှိနေသေးသော လက်ကိုင်စက်လှေများအားလည်း အချိန်မီလာရောက်၍ မှတ်ပုံတင်ခြင်း၊ လျှောက်ထားခြင်းမရှိပါက စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ တရားမဝင်သစ်ခိုး

ထုတ်လုပ်ရာတွင် ဆက်စပ်အသုံးပြုလျက်ရှိသည့် လက်ကိုင်စက်လွှ စုစုပေါင်း ၂၁၉ လက်ကိုလည်း သိမ်းဆည်းအရေးယူမည် ဖြစ်ပါတယ်။ လက်ကိုင်စက်လွှ ကိုင်ဆောင်အသုံးပြုမှုများအား ထိန်းချုပ်ဆောင်ရွက်ရာတွင် သစ်တောဝန်ထမ်းများအနေဖြင့် ထိထိရောက်ရောက်ပူးပေါင်းပါဝင်ဆောင်ရွက်မှုမရှိခြင်း၊ ပါဝင်ပတ်သက်မှုများ စိစစ်တွေ့ရှိရပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထားပြီးတော့ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လက်ကိုင်စက်လွှများအား စနစ်တကျသုံးစွဲစေရန် ကြပ်မတ်ထိန်းသိမ်းခြင်း၊ တရားမဝင်ကိုင်ဆောင်ခြင်းနှင့် စည်းကမ်းဖောက်ဖျက်ကျူးလွန်ခြင်းများအတွက် အရေးယူခြင်းများကို ထိရောက်စွာဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးဆီမှ တစ်ဆင့်ကျွန်တော်အနည်းငယ် ထပ်ပြီး မေးခွန်းမေးချင်ပါတယ်ခင်ဗျား။ ပြည်ထောင်စုဝန်ကြီး ရှင်းပြ သွားတဲ့ ဇူလိုင်လတုန်းက ထုတ်တဲ့အမိန့်တွေ၊ အမိန့်ကြော်ငြာစာတွေဟာ ကျွန်တော်တို့လွှတ်တော်မှာ ရက်ပေါင်း ၉၀ အတွင်းဆွေးနွေးသင့်တဲ့ အမိန့်ကြော်ငြာစာများဖြစ်ပါတယ်။ ကျွန်တော်တို့ မဆွေးနွေးခဲ့ရပါဘူး။ ကျွန်တော်လည်း မဲဆန္ဒရှင်ပြည်သူများကို သွားရောက်တွေ့ဆုံတဲ့အခါမှာ ဒီကိစ္စကိုသိရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဂွမြို့နယ်လို နေရာကျဉ်းကျဉ်းလေးတစ်ခုမှာတောင် လိုင်စင်နဲ့ပေးထားတာ ၅၂ လက်ရှိတယ်လို့သိရပါတယ်။ အဲ့တော့ သစ်တောဝန်ကြီးဌာနအနေနဲ့ သစ်တောဧရိယာအကျယ်အဝန်း ဘယ်လောက်၊ ဘယ်လိုနေရာမျိုးမှာ ဒီလို Chain Saw ဘယ်နှစ်ခုလောက်ရှိတယ်ဆိုတဲ့ စံချိန်စံညွှန်း Norm ဆိုတာမျိုးသတ်မှတ်ထားပါသလား။ အဲ့ဒီလိုသတ်မှတ်လို့ရှိရင် ဥပမာ ဧရိယာအကျယ်အဝန်းကျယ်တဲ့ဒေသတွေမှာ Chain Saw များများရှိရမယ်။ ကျွန်တော်တို့ နည်းတဲ့ဒေသမှာ နည်းနည်းရှိတယ်။ ဒီလိုမျိုး Norm မျိုးသစ်တောဝန်ကြီးဌာနမှာ သတ်မှတ်ချက်များရှိပါသလားဆိုတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးဆီကမှတစ်ဆင့် ထပ်မံမေးမြန်းလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ လေးစားပါတယ်။ ကျွန်တော် ဆက်လက်ပြီးတော့ ဖြေကြားပါမယ်။ ကျွန်တော်တို့ အမှန်မှာတော့ ၂၀၁၃ ခုနှစ် ဇွန်လ ဟိုဘက်ပိုင်းအထိကို ကျွန်တော်တို့ Chain Saw နဲ့ပတ်သက်လို့ သတ်မှတ်ချက်တစ်စုံတစ်ရာမရှိပါဘူး။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်ပဲကိုင်တွယ်အသုံးပြုနေကြတာဖြစ်ပါတယ်။

သို့သော်လည်းပဲ ဖြစ်စဉ်ဖြစ်ရပ်များကို အကြောင်းပြုပြီးတော့ သတိပြုမိတာဟာ ဒီ Chain Saw တွေဟာ အခုနကပြောသလိုပဲ တရားမဝင်သစ်ထုတ်လုပ်မှုတွေမှာ လွန်စွာအန္တရာယ်ပေးတဲ့ကိရိယာ တစ်ခုဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒါကိုတော့ဖြစ်ရင် ကျွန်တော်တို့ စနစ်တကျထိန်းချုပ်ဖို့ လိုအပ် လာပြီလို့ ယူဆတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့ကို တင်ပြပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း သဘောတူတဲ့အတွက် တည်ဆဲစည်းမျဉ်း စည်းကမ်း များ၊ ဥပဒေများကို ကိုးကားပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ ခြင်းဖြစ်ပါတယ်။ အကယ်၍ ဒီကိစ္စသည် အခုနလိုပေါ့ လွှတ်တော်အသီးသီးကို ပေးပို့ပြီးတော့ တင်ပြရမယ့်ကိစ္စဖြစ်ခဲ့လို့ရှိရင်လည်း အဲ့ဒါက ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကျွန်တော်မသိလို့ အမှန်ပါ။ သို့သော်လည်းပဲ တင်ပြရမယ်ဆိုတာရှိခဲ့လို့ရှိရင် ကျွန်တော် ပြန်လည်ပြီးတော့ တင်ပြ ဖို့အတွက်ကို ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးပါ့မယ်။ သို့သော် အခုနက ဒုတိယမေးခွန်းအချက်မှာပါတဲ့ ဘယ်လို စီချိန်စီညွှန်းတွေနဲ့ သစ်တောဧရိယာဘယ်လောက်ကျယ်ရင် ဘယ်နှစ်လက်ပေးပါ့မယ်ဆိုတဲ့ ကန့်သတ် ချက်တွေတော့မရှိပါဘူး။ သို့သော် လာလျှောက်တဲ့အခါမှာ ဒီလူရဲ့အနေအထား နောက်ပြီးတော့ ဒေသအတွင်းမှာ တရားဝင်ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းများရှိတယ်/မရှိဘူး စသည်ဖြင့်ပေါ့။ ဒီအထွေထွေ အခြေအနေများအပေါ်မှာ ကျွန်တော်တို့အခြေခံပြီးတော့ မှတ်ပုံတင်ပေးခြင်းဖြစ်ပါတယ်။ မှတ်ပုံတင် မပေးသင့်တဲ့ကိစ္စများကိုလည်း မှတ်ပုံတင်ဖို့ ကျွန်တော်တို့ ငြင်းဆန်မှာဖြစ်ပါတယ်။ ဒီလိုစည်းမျဉ်း စည်းကမ်းနဲ့ သတ်သတ်မှတ်မှတ်တော့မရှိဘူး။ သို့သော် အရင်တုန်းက တောက်လျှောက်တစ်စုံတစ်ရာ ထိန်းချုပ်မှုမရှိဘဲနဲ့ လွှတ်ထားတာနဲ့စာရင်တော့ အခုလိုစနစ်တကျဆောင်ရွက်ခြင်းသည် အခြေအနေ ကိုများစွာထိန်းသိမ်းပြီးတော့ ဆောင်ရွက်သွားနိုင်မှာဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဟိုအရင်တုန်းကတော့ လွတ်လွတ်လပ်လပ် Chain Saw တွေနဲ့ သွားလာလှုပ်ရှား ပြီးတော့ ဆောင်ရွက် နေကြပေမယ့် ဒီနေ့ဒီအခါမှာတော့ ဒီဟာလေးအကြောင်းပြုပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာတာဝန် ရှိတဲ့ ဝန်ထမ်းများအနေနဲ့ ခေါ်ယူမေးမြန်းနိုင်တယ်။ စိစစ်နိုင်တယ်။ ကြပ်မတ်နိုင်တယ်။ ထို့အတွက် ကြောင့် ကျွန်တော်တို့ တတ်နိုင်သမျှလက်လမ်းတမီ ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ အခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ စနစ်တကျစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်း များချမှတ်ဖို့လည်း ဒါရေရှည်အတွက်တော့လိုတယ်ဆိုတာ ကျွန်တော်လက်ခံပါတယ်။ လက်ခံပြီးတော့ ကျွန်တော်တို့လိုအပ်သလို ဆီလျော်သောကန့်သတ်ချက်များ ဆောင်ရွက်ပါ့မယ်လို့ ပြန်လည်ပြီးတော့ ဖြေကြားလိုပါတယ်။ (သြဘာသံများ)

**ဦးတင့်ဆွေ**။ ။ ဒီနေ့မေးခွန်းနဲ့ဆက်စပ်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းတင်ပြခဲ့တယ်။ တချို့ကိစ္စကျတော့လည်း ဥပဒေနဲ့ပတ်သက်တဲ့အကြောင်းအရာကို မသိတဲ့အတွက် လွှတ်တော်ကို အခုနက အမိန့်ကြော်ငြာစာများ ပေးပို့ခြင်းမရှိခဲ့ဘူးဆိုတာလည်း ရိုးရိုးသားသားဝန်ခံပြောဆိုသွားတာ ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ပိုင်းအနေနဲ့လည်း လွှတ်တော်အခွင့်အရေးကော်မတီ၊ ကတိကဝတ် ကော်မတီများအနေနဲ့လည်း ဒါကိုပြန်ပြီးလေ့လာသုံးသပ်ရမယ့်အပိုင်းဖြစ်ပါတယ်။ ဒါဘာလဲဆိုတော့ လွှတ်တော်ကဥပဒေများကို ပြဋ္ဌာန်းတယ်။ ပြဋ္ဌာန်းတဲ့ဥပဒေများကို လွှတ်တော်က လွှတ်တော်ကိုယ်တိုင် သော်လည်းကောင်း သို့မဟုတ်ရင် လွှတ်တော်က တာဝန်ပေးတဲ့အဖွဲ့အစည်းကသော်လည်းကောင်း နည်းဥပဒေများ ထုတ်ပြန်ခွင့်ရှိပါတယ်။ နည်းဥပဒေများထုတ်ပြန်တဲ့အခါမှာ ဒီနည်းဥပဒေတွေကို လွှတ်တော်ကိုပေးပို့တဲ့အခါမှာ လွှတ်တော်က ရက်ပေါင်း ၉၀ အတွင်း ဒီနည်းဥပဒေအပေါ်မှာ ပြင်ဆင်မှုပြုနိုင်ပါတယ်။ အဲ့ဒါမှမဟုတ်ဘူးဆိုရင်တော့ ဒီနည်းဥပဒေတွေဟာ အတည်ဖြစ်သွားပါတယ်။ သို့ရာတွင် အခုနက ဂွမ်ဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့ အမိန့်ကြော်ငြာစာအပိုင်း မှာတော့ ကျွန်တော်တို့ လွှတ်တော်မှာသော်လည်းကောင်း၊ အခြားနေရာမှာသော်လည်းကောင်း မည်ကဲ့သို့ဆောင်ရွက်မယ်ဆိုတဲ့ကိစ္စ ပါပုံမရသေးပါဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်အခွင့်အရေး ကော်မတီ၊ ကတိကဝတ်ကော်မတီနဲ့ လွှတ်တော်ကဖွဲ့စည်းထားတဲ့ကော်မရှင်တွေနဲ့ ထုတ်ပြန်လိုက်တဲ့၊ ထုတ်ဆင့်လိုက်တဲ့ အမိန့်ကြော်ငြာစာ ညွှန်ကြားချက်များသည် တစ်ဆက်တစ်စပ်တည်းဖြစ်အောင် မည်ကဲ့သို့ဆောင်ရွက်သင့်တယ်ဆိုတာလည်း ပြန်လည်သုံးသပ်ပြီးတော့ လွှတ်တော်ကို တင်ပြဖို့လိုပါ လိမ့်မယ်။ ဒါ့ကြောင့် ပြည်ထောင်စုဝန်ကြီး ဝန်ခံပြောဆိုသွားတဲ့ အမိန့်ကြော်ငြာစာများကို လွှတ်တော် ကိုမတင်ပြနိုင်ခြင်းက ဥပဒေက ဘယ်လိုထုတ်ပြန်ထားတယ်ဆိုတာ မသိတဲ့အတွက်ဆိုတဲ့ဟာလည်း ရိုးသားစွာပြောဆိုခြင်းပဲဖြစ်ပါတယ်။ မိမိရဲ့လက်လှမ်းမီ သိရှိသမျှကလည်း အမိန့်ကြော်ငြာစာ နဲ့ပတ်သက်လို့တော့ လွှတ်တော်ကိုတင်ပြဖို့မရှိဘူးလို့ပဲ ဒီလိုနားလည်ထားပါတယ်။ မိမိနားလည်ထား မှုမှန်တယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ လွှတ်တော်က သက်ဆိုင်ရာအဖွဲ့အစည်းများက ပြန်လည် သုံးသပ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားဖို့လိုပါတယ်။ နောက် ဆွေးနွေးအဖြေရှာတဲ့နေရာမှာ တင်ပြချက်အရ အဲ့ဒီ ဂွဒေသမှာ သစ်တန်ပေါင်း ၂၀၀ ကျော်ကိုတွေ့ရှိတယ်။ အဲ့ဒီနည်းတူပဲ မီးသွေး အိတ်တွေတွေ့ရှိတယ်ဆိုတဲ့ကိစ္စလည်း ဒီနေ့ မြန်မာနိုင်ငံမှာ သစ်တောများပြုန်းတီးတဲ့နေရာမှာ မိမိတို့ ရဲ့မိရိုးဖလာအရ ထင်းမီးသွေး သို့မဟုတ် ထင်းများကိုပဲ အသုံးပြုနေရတဲ့ ကိစ္စဖြစ်တဲ့အတွက် သစ်တောများမပြုန်းတီးဖို့ဆိုလို့ရှိရင် ထင်းမီးသွေးအစား ထင်းအစားထိုးလောင်စာများလည်း ရှာဖွေ

ဖော်ထုတ်ဆောင်ရွက်ဖို့လိုမယ်ဖြစ်တယ်လို့ ယူဆပါတယ်။ ဒါ့ကြောင့် ဒီကိစ္စနဲ့ပတ်သက်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအပါအဝင် သက်ဆိုင်ရာ၊ ဒီနေ့ သစ်တောရေးရာဝန်ကြီးဌာနဆိုလို့ရှိရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပါ တာဝန်ယူထားရတဲ့အတွက် သဘာဝပတ်ဝန်းကျင်များ မပျက်စီးအောင် ထင်းအစား လောင်စာကိစ္စများကိုလည်း ဒီနေ့ဒီကာလမှာ အလေးထားဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့သော်လည်းကောင်း၊ သက်ဆိုင်ရာကော်မတီအနေနဲ့သော်လည်းကောင်း ထင်းအစား လောင်စာကိစ္စအတွက်လည်း စဉ်းစားပြီးတော့ လိုအပ်မယ်ဆိုလို့ရှိရင် ဥပဒေ၊ လိုအပ်မယ်ဆိုလို့ရှိရင် အခြားကိစ္စရပ်များနဲ့ ဆက်လက်ဆောင်ရွက်သွားနိုင်ပါမှ မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဟာ ရေရှည်မှာကောင်းမွန်လာမှာဖြစ်ကြောင်းလည်း လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများကိုလည်း အကြံပြုတင်ပြလိုပါတယ်။

**ဌာနဆိုင်ရာယာဉ်အို/ယာဉ်ဟောင်းများအားဖျက်သိမ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် သင့်တင့်သော ယာဉ်များအစားထိုးဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နောက်မေးခွန်းတစ်ခုကတော့ ဝမ်းတွင်းမဲဆန္ဒနယ်က ဦးသန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်နိုင်ငံလုံးအတွင်းမှာရှိတဲ့ ဌာနဆိုင်ရာများမှ မော်တော်ယာဉ်အများစုဟာ နှစ် ၃၀ ကျော်ရှိတဲ့ သက်တမ်းပြည့်မီကျော်လွန်ပြီးယာဉ်အို/ယာဉ်ဟောင်းများဖြစ်တဲ့အတွက် ဝန်ထမ်းများ လုပ်ငန်းများဆောင်ရွက်ရာမှာလည်းကောင်း၊ ဝန်ထမ်းများကြို/ပို့ရာမှာလည်းကောင်း၊ အမိုးအကာရှိတဲ့ယာဉ်များမှာလည်း မိုးမလုံခြင်း၊ အမိုးလုံးဝမရှိခြင်း၊ ကြမ်းခင်းမပြည့်စုံခြင်း၊ လှေကားများကျိုးပျက်ခြင်း၊ စက်ပစ္စည်းပိုင်းချို့ယွင်းမှုများကြောင့် လမ်းခရီးကြန့်ကြာမှုများမြင်တွေ့လျက်ရှိရပါတယ်။ အဲ့လိုချို့ယွင်းမှုများရှိသော်လည်း ဝန်ထမ်းများဟာ ရာသီမရွေးသွားလာခြင်းများရှိတဲ့အတွက် အများပြည်သူများသွားလာရာ လမ်းတစ်လျှောက်မှာ မော်တော်ယာဉ်များမှ မီးခိုးများထွက်သဖြင့် ကျန်းမာရေးထိခိုက်မှုများရှိခြင်း၊ စွမ်းဆောင်ရည်ကျဆင်းစေခြင်း၊ အလားတူ နိုင်ငံတော်ကုန်ထုတ်စွမ်းအားလျော့ကျစေခြင်း၊ စက်ပစ္စည်းပိုင်းဆိုင်ရာ

ချို့ယွင်းမှုများအပေါ် ပြင်ဆင်စရိတ်များကြောင့် နိုင်ငံတော်အစိုးရရဲ့ ရန်ပုံငွေပိုမိုသုံးစွဲရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေတဲ့ အခြားကဏ္ဍများမှ ရန်ပုံငွေများလျော့နည်းသုံးစွဲမှုစတဲ့ ဆိုးကျိုးများဖြစ်ပေါ်စေနိုင်ပါတယ်။ အဲ့ဒါကြောင့် မြန်မာနိုင်ငံရှိဌာနဆိုင်ရာများမှာရှိကြတဲ့ TE 11, TE 21, ရိန်းဂျားကားများ T2၀၀၀, E2၀၀၀, MAZDA များအစရှိသည့်အနှစ် ၃၀ ကျော်ကြာပြီးဖြစ်တဲ့ မော်တော်ယာဉ် ယာဉ်အို/ယာဉ်ဟောင်းများကို သင့်လျော်သော မော်တော်ယာဉ်များနှင့်လဲလှယ်ပေးခြင်းဟာ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အဓိကအခန်းကဏ္ဍမှာ လူ့စွမ်းအားအရင်းအမြစ်များဖြစ်တဲ့ ဝန်ထမ်းများရုံးတက်ရုံးဆင်းချိန် အဆင်ပြေသက်သာစေခြင်း မိမိတို့ရဲ့တာဝန်ဝတ္တရားများကို စွမ်းအားပြည့်ထမ်းဆောင်နိုင်မည်ဖြစ်ခြင်း မော်တော်ယာဉ် ယာဉ်အို/ယာဉ်ဟောင်းများ မကြာခဏပြုပြင်ရတဲ့ ကုန်ကျစရိတ်များသက်သာစေနိုင်ခြင်းစတဲ့ နိုင်ငံတော်ဘဏ္ဍာငွေ လျော့နည်းသုံးစွဲရတဲ့ ဝန်ထမ်းများရဲ့ စွမ်းရည်အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ခြင်းစတဲ့ ကောင်းကျိုးများ ဖြစ်ပေါ်လာနိုင်မှာဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ မော်တော်ယာဉ် ယာဉ်အို/ယာဉ်ဟောင်းများကိုဖျက်သိမ်းပြီးတော့ သင့်တော်တဲ့မော်တော်ယာဉ်များနှင့် အစားထိုးဆောင်ရွက်ပေးမယ့် အစီအစဉ်ရှိ/မရှိနဲ့ အကယ်၍ရှိလို့ရှိရင် မည်သည့်ကာလမှာ ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် မေးမြန်းထားတဲ့ ဌာနဆိုင်ရာမော်တော်ယာဉ်အများစုမှာ ယာဉ်အို/ယာဉ်ဟောင်းများဖြစ်သဖြင့် စက်ပစ္စည်းများ ချို့ယွင်းမှုများကြောင့် လမ်းခရီးကြန့်ကြာမှုများ ပြင်ဆင်စရိတ်ကုန်ကျမှုစသည်များရှိနေခြင်း၊ ဆိုးကျိုးများဖြစ်ပေါ်နေခြင်းစသည်ဖြင့်ရှိနေပါသဖြင့် အဟောင်းယာဉ်များ ဖျက်သိမ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများမှာ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကောက်ခံတဲ့စာရင်းအရ မော်တော်ယာဉ် ၃၈၈၈၈ စီးရှိပြီးတော့မှ ၂၅၂၂၀ စီးဟာ ယာဉ်အို/ယာဉ်ဟောင်းများဖြစ်နေတဲ့အတွက် သုံးပုံနှစ်ပုံဟာ ယာဉ်အို/ယာဉ်ဟောင်းများဖြစ်ပါတယ်။ အဆိုပါ

ယာဉ်အို/ယာဉ်ဟောင်းများကို ဖျက်သိမ်းပြီး အစားထိုးလဲလှယ်ပေးမယ်ဆိုပါကလည်း တစ်ကြိမ်တည်း မှာလုပ်မယ်ဆိုရင်တော့ နိုင်ငံတော်ရဲ့ဘတ်ဂျက်ငွေဟာ သန်းပေါင်းများစွာကုန်မှာ ဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာတော့ အစိုးရရုံးဌာနများရှိမော်တော်ယာဉ်များအနက် ပြုပြင်သုံးစွဲ၍ရတဲ့မော်တော်ယာဉ် များကို ပြင်ဆင်သုံးစွဲလျက်ရှိပြီး ပြုပြင်သုံးစွဲရန် တွက်ခြေမကိုက်တဲ့ ယာဉ်အို/ယာဉ်ဟောင်းများကို နိုင်ငံပိုင်စာရင်းမှပယ်ဖျက်၍ သံရည်ကျိုဖျက်ဆီးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ မော်တော်ယာဉ် ပေါင်း ၁၉၇၁ စီးကို စာရင်းကနေပယ်ဖျက်ပြီးတော့ သံရည်ကျိုကိုပို့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စု ဝန်ကြီးဌာန အဖွဲ့အစည်းအနေနဲ့ ယာဉ်အို/ယာဉ်ဟောင်းများနေရာတွင် အစားထိုးအသုံးပြုရန်နှင့် ဖွဲ့စည်းပုံအရလိုအပ်တဲ့နေရာများတွင် အသုံးပြုရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ လူစီးယာဉ် ၁၃၁၈ စီး နှင့် ဘတ်စ်ကား ၄၂၄ စီးကို ဝယ်ယူရန်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဘတ်ဂျက်ကို ပြည်ထောင်စု လွှတ်တော်က ခွင့်ပြုပေးခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများမှ ခွဲဝေထုတ်ပေးရန်တင်ပြတဲ့ မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အနေဖြင့် ဘဏ္ဍာသိမ်းယာဉ်များမှ ထပ်မံထုတ်ပေးနိုင်တဲ့ ယာဉ်များကို ဆက်လက်ထုတ်ပေးသွားရန် ဖြစ်ပါတယ်။ ထုတ်ပေးနိုင်ခြင်းမရှိတဲ့ ယာဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများက ၎င်းတို့ အစီအစဉ်ဖြင့် ဝယ်ယူနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်လျာထား တင်ပြဆောင်ရွက် သွားခွင့်ပြုထားပြီးဖြစ်ပါတယ်။ သို့ပါ၍ အစိုးရရုံးဌာနများရှိ ယာဉ်အို/ယာဉ်ဟောင်းများနေရာတွင် ယာဉ်သစ်များဖြင့် ဘဏ္ဍာနှစ်အလိုက် အစားထိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ သုံးစွဲနိုင်မှုအခြေအနေပေါ်မူတည်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း များမှ မော်တော်ယာဉ်ဝယ်ယူရေးအတွက် ဘတ်ဂျက်စီမံချက်များကို နှစ်စဉ်လျာထားတင်ပြဆောင် ရွက်လျက်ရှိပြီး ယာဉ်အို/ယာဉ်ဟောင်းများ ဖျက်သိမ်းခြင်းနှင့် အစားထိုးခြင်းကို အစဉ်တစ်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်ရှင်။ကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

# ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က တင်သွင်းသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄) ကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၇-၁၀-၂၀၁၃ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁၀-၁၀-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒီအကြောင်းအရာနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်သတိရသိရှိနိုင်ဖို့အတွက် ကြားဖြတ်တင်ပြပါမယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မှ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံးကို ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှာ ပေးပို့ခဲ့ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီက စိစစ်ချက်ကို ၄-၁၀-၂၀၁၃ ရက်နေ့မှာ စိစစ်ခဲ့ပါတယ်။ ဒီစိစစ်မှုတွေကတော့ လွှတ်တော်ကိုယ်စားလှယ်များ လက်ဝယ်မှာရှိကြလိမ့်မယ့် ကန့်လန့်ဖြတ်ဇယားအနေနဲ့ ဖော်ပြရမယ်ဆိုရင် အဆိုပြုပြဋ္ဌာန်းချက်အပေါ်မှာ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၉ ခုဖြစ်ပါတယ်။ ဒီ ၉ ခုကို မိမိတင်ပြထားတဲ့အတိုင်း လွှတ်တော်မှာတင်ပြခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်မှာတင်ပြတဲ့ အပေါ်မူတည်ပြီးတော့ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ၁၀-၁၀-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ဆွေးနွေးချက်ကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမှ မရှိခဲ့ပါဘူး။ ဒါကြောင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါ ပြင်ဆင်ချက်များအတိုင်း

အတည်ပြုရမှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါ ပြင်ဆင်ချက်များ အတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူတဲ့သူ မရှိတဲ့ အတွက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၂) ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) ၁၀၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီး ဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၁၁း၂၅ နာရီတွင်ရပ်နားပါသည်။]